# သက်စမ်းရေ




## လူလိမ်တစ်ယောက် ကယ်တင်ခြင်းရရှိသွားခြင်း

ရှင်လုကာခရစ်ဝင်ကျမ်းအခန်းကြီး(၁၉) ပါ အဖြစ်မှန်ကို ဖေါ်ပြသည်။

လူများယူဆသကဲ့သို့ ယေရှုသည် ကြွယ်ဝချမ်းသာသူတို့အား မဆန့်ကျင်ပါ။ ချမ်းသာခြင်းကို ကုသိုလ်ကောင်းမှုအတွက် အထူးအသုံးပြုကြသူတို့အား ယေရှုက လက်ခံကြိုဆိုလျက်ပါ။ ကြွယ်ဝခြင်းအကြောင်းကို ဆွေးနွေးကြပြီဆိုလျှင် ခရစ်ယာန်တို့သည် "ကိုယ်ဥစ္စာရှိသမျှကို ရောင်း၍ ဆင်းရဲသော သူတို့အားပေးသော" (လု။ ၁၈း၁၈-၂၅) ဟု ယေရှုက ဆုံးမလိုက်သောကြောင့် စိတ်ပျက်၍ ထွက်ခွာသွားသည့် ချမ်းသာသူ အရာရှိငယ် တစ်ဦးအား သတိရတတ်ကြသည်။ ယေရိခေါမြို့ရှိ စီးပွားရေးအဆင်ပြေနေသည့် ပြည်သူ့ဝန်ထမ်းတစ်ဦးနှင့် ယေရှုရှင်တို့ တွေ့ဆုံကြခြင်းအကြောင်း ကြားဖူးပါသလား ?

❖ ❖ ❖

ယခုတင်ပြမည့် ပြည့်သူ့ဝန်ထမ်းသည် အဂတိလိုက်စားရာတွင် နာမည်ကြီးသည်။ သူ့ကို ဇကွဲ ဟုခေါ်ကြသည်။ သူနေထိုင်သော ယေရိခေါမြို့သည် ဘုရားတရားကိုင်းရှိုင်းသူအများနေထိုင်ရာမြို့ဖြစ်သောကြောင့် အချို့က "သံဃာ့မြို့တော်" ဟုပင် ခေါ်တွင်လေရာ ဇကွဲကဲ့သို့ အကျင့်သိက္ခာ ပျက်သူနှင့်ဆိုလျှင် မြို့အမည် နှင့် တခြားစီဖြစ် နေလေသည်။ သူသည် ရောမအစိုးရ၏ အခွန်ဌာနမှ အခွန်ငွေစည်း ကြပ်ကောက်ခံသူဖြစ်သောကြောင့် ထိုခေတ်ယုဒလူတို့က အခွန်ခံ (ပတ်ဘလီကန်) တို့အား အလွန်ရွံရှာကြသည်။ အဆင့်မရှိသူများအထဲတွင် အနိမ့်ဆုံးဟု သတ်မှတ်ကာ မုန်းတီးကြသည်။ ၎င်းအား ပြည်တန်ဆာများနှင့် တန်းတူထား၍ ဆက်ဆံကြသည်။ ဇကွဲက ကောက်ကျစ်သည်၊ ညစ်ပတ်သည်၊ အခွန်ငွေကို မတန်မရာဖြတ်၍ ကောက်ခံသည်။ ဆင်းရဲသားတို့အား ခေါင်းပုံ ဖြတ်သည်။ သူကိုယ်တိုင်သည် ယုဒလူမျိုးဖြစ်သော်လည်း သူတို့ ရွံရှာသော ရောမအစိုးရအတွက် တာဝန်ထမ်းနေသူဖြစ်သောကြောင့် ပို၍မုန်းကြသည်။

အစိုးရ၏ ဩဇာအာဏာကို အလွဲသုံးပြီး လူထုထံမှ မသဒ္ဓါ ရေစာကို အတင်းအဓမ္မ ဖျစ်ညစ်ထုတ်ယူကောက်ခံပြီး ရောမအစိုးရကို ပေးသွင်းသည်။ ပိုသမျှကို သူ့အိတ်ထဲထည့်သည်ဟုလည်း ကျော်ကြားနေသူ ဖြစ်သည်။

သို့နှင့် တစ်နေ့တွင် ဇကွဲ၏ ဘဝလမ်းကြောင်း ပြောင်းသွားစေဖို့ အကြောင်းတစ်ရပ် ပေါ်လာခဲ့သည်။ သူက ယေရှုဆိုသောပုဂ္ဂိုလ်အကြောင်းကို ကြားဖူးနေသည်။ အံ့ဖွယ်နိမိတ် အမျိုးမျိုးကို ပြနိုင်သည့် ယေရှုသည်လည်း သူ့လိုပင် မကောင်းသတင်း ကျော်ကြားနေသည်မှာ ပို၍ပင် ထူးခြားနေပြန်သည်။

ယေရှုသည် ဒုစရိုက်သားများ (သူ့လိုပတ်ဘလီကန်များ) နှင့် မိတ်ဖက်ဖြစ်သည် ဆိုခြင်းက အံ့စရာပင်။ အမှန်စင်စစ် ယေရှု၏ တပည့်တော်တစ်ဦးဖြစ်သူ မဿဲဆိုသူမှာလည်း နာဇရက်မြို့မှ အခွန်ခံတစ်ဦး ဖြစ်နေပေသည်။ ( မ။ ၉း၉-၁၃)

"လက်သမားဘဝမှ ပရောဖက်ဘဝပြောင်းခဲ့သူ" အား ဇကွဲ တွေ့ချင်နေသည်မှာ အတော်ကြာပေပြီ။ 'ဘာသာရေးဘက်မှာ ဒီလောက်အားကြီးတဲ့လူ တစ်ယောက်ဟာ ဘယ်လိုကြောင့် ငါ့လိုလူမျိုးနဲ့ မိတ်ဆွေဖြစ်နိုင်မှာလဲ၊ ဒီမြို့မှာရှိတဲ့ ဘုန်းကြီးများနဲ့ ဘာသာရေးကိုင်းရှိုင်းသူတွေဆိုရင် ငါ့နာမည်ကြားရုံနဲ့ အော့နှလုံးနာနေကြတယ်။ တံထွေးနဲ့တောင် အထွေးခံရဖူးတယ်။ ယေရှုဟာ တကယ်ပဲ

ငါ့မိတ်ဆွေဖြစ်နိုင်ပါ့မလား ? ဟု ဇကွဲ တွေးတောနေမိသည်။ သူ့ဆွေမျိုးရင်းခြာများမှအပ ဇကွဲတွင် မိတ်ဆွေအပေါင်းအသင်းဟူ၍မရှိ၊ နောက်ပိုင်းတွင် သူ့အခြေအနေကို တွေးရင်း မကျေမနပ်ဖြစ်နေခဲ့ရသည်။ စစ်မှန်တဲ့တွယ်တာမှုနဲ့ဘ၀မှာ ကျေနပ်မှု ဆိုတာတွေဟာ ချမ်းသာကြွယ်ဝတိုင်းလည်း မရနိုင်ပါကလားဟု သူသိမြင်လာပြီး အတော့ကို စိတ်ထိခိုက်နေလေသည်။ တကယ်တော့ သူ့ဘ၀မှာ လိုလေသေးမရှိ၊ ငွေနှင့် ဝယ်နိုင်သည့် အရာမှန်သမျှ သူ၌ရှိနေပေပြီ။ အိုးအိမ်ရှိပြီ။ အခြေအနေလည်း တောင့်တင်းသည်။ သို့သော် တစ်ခုခုလိုနေသည်။ ဟာနေသည် ဘာရယ်လို့တော့ သူမပြောတတ်။

ဒီလိုနှင့် တစ်နေ့ ယေရှုက ယေရိခေါမြို့ကို ဖြတ်သန်းသွားလေသည်။ ယေရှုမြို့ထဲရောက်ရှိ နေကြောင်းကြားလိုက်သည်နှင့် သူ့ရုံးခန်းကိုပိတ်၊ လုပ်လက်စ အလုပ်တွေ ဘေးဖယ်ပြီး ယေရှုကို မြင်ဖူးလိုလှ၍ မြို့ထဲသို့ ထွက်ခဲ့လေတော့သည်။ လူအုပ်ကြီး အဝေးက လာနေသည်ကို တွေ့လိုက်ရသည်။ ယေရှုက အလယ်မှာ ဖြစ်မည်။ တစ်ဖြည်းဖြည်း လမ်းမကြီး အတိုင်းရွေ့လျား လာနေကြသည်။ ဇကွဲမှာ ကံခေသူဖြစ်သည်။ အရပ်ကပုပြတ်ပြတ် ပေမမှီ ကိုက်မမှီမို့ ဘာမှ သဲသဲကွဲကွဲမတွေ့ရ။ ကံအားလျော်စွာ လမ်းထိပ်တွင် သဖန်းပင် တစ်ပင်ကို တွေ့လိုက်သည်။ ယေရှုနှင့် လူအုပ်ကြီးလာမယ့်လမ်းအတိုင်း ဇကွဲကြိုကာ စောင့်နေသည်။ လူတွေက သူ့ကို ဘယ်လိုထင်ကြမည်ကို သူဂရုမစိုက်နိုင်တော့။ လူအုပ်ကြီးရောက်မလာမီ သဖန်းပင်ပေါ် အပြေးကလေးတက်ကာ နေရာယူလိုက်လေတော့သည်။

ဇကွဲရှိရာ သဖန်းပင်အနီး ယေရှုရောက်လာပြီး သစ်ပင်ပေါ်သို့ တစ်ခုခုကို ရှာနေသကဲ့သို့ မော်ကြည့်လိုက်သည်။ "ဇကွဲ၊ မင်းအမြန်ဆင်းခဲ့၊ ဒီနေ့ မင်းအိမ်မှာ ငါတည်းမယ်! " ဟု မိန့်ကြားလိုက်တော့၏။

'အလို-ဘာတဲ့' -ဇကွဲထိတ်လန့်သွားသည်။ 'ငါ့နာမည်ကို သူသိနေပါလား၊ ငါ့အိမ်မှာ တည်းမယ် ဆိုပါလား' - နားကြားလွဲနေရော့သလား၊ ယုံနိုင်စရာမရှိ၊ သစ်ပင်ပေါ်မှ လျောဆင်းရင်း တစ်ခုခုတော့ လွဲနေပြီ။ ဘယ်နည်းနဲ့ ငါ့နာမည်ကို သိနေရတာလဲ- ဟု စဉ်းစား၍ မရဖြစ်နေသည်။ ယေရှုက သူ့အား တည်ကြည်စွာ မိန့်ကြားနေသည်ကို သတိပြုမိသောအခါ "ကိုယ်တော် ကျွန်တော်မျိုး အိမ်ကိုကြွပါ။ ကျွန်တော်မျိုး ဂုဏ်ယူဝမ်းသာလှပါတယ် " ဟု ပြန်ဖြေပြီးနောက် ယေရှုရှင်အား သူ့အိမ်သို့ ပင့်ဆောင်သွားလေတော့သည်။

ဇကွဲ၏ အိမ်သို့ရောက်သောအခါ ယေရှုနှင့် လိုက်ပါလာသူ လူအုပ်ကြီးသည် ရှုတ်ရှုတ်သဲသဲ ဖြစ်နေကြသည်။ မနှစ်မြို့သောအသံနှင့် 'ဟာ-ဘယ်လိုဖြစ်တာလဲ၊ ယေရှုက ပြောင်တင်းလှတဲ့ ဒုစရိုက်ကောင်၊ ဒီလောက် ညစ်စုတ်တဲ့ ပတ်ဘလီကန် အိမ်ကို ရွေးတည်းမယ်တဲ့' သူတို့သည် လွန်စွာမှ ရှုက်သွားကြသည်။ 'ယေရှုက ဘယ်လိုလုပ်လိုက်တာလဲ၊ ဒီလောက်ဘာသာရေးမှာ အချက်အချာကျတဲ့မြို့ကို ရောက်လာပြီး ဒီလို လူဆိုးလူယုတ်မာရဲ့ အိမ်မှာတည်းမယ်တဲ့' သူတို့လုံးဝ မကျေနပ်ကြပေ။

သို့သော် မိမိသည် အဘယ်အမှုကို ပြုနေကြောင်းကို ယေရှုရှင် မျက်ခြည်မပြတ်။ သူသည် ဇကွဲ၏ အပြင်သဏ္ဍာန်ကို ကျော်လျက် စိတ်နှလုံးအတွင်းသရုပ်၌ စစ်မှန်သော မေတ္တာတော်ကို ဆာငတ်နေသည်ကို ထိုးဖေါက်မြင်နှင့်နေပေသည်။ ယေရှုနှင့် ထိတွေ့လိုက်ရသော ထိုတစ်ဒင်္ဂတွင် ဇကွဲသည် သူရှာဖွေနေခဲ့သည့် အဖြေမှန်ကို တွေ့ရှိလိုက်ရပေပြီ။ ဥစ္စာနေနှင့် ပိုင်ဆိုင်မှုဆိုသည်မှာ လူ့ဘ၀တွင် အဓိကမဟုတ်၊ စိတ်လက်လှုပ်ရှားပြီး သူ့ခံစားချက်ကို ဖွင့်ဟလေတော့သည်။ "သခင်ယေရှုဘုရား၊ ကျွန်တော်မျိုး ခုအချိန်ကစပြီး ပြောင်းလဲပါတော့မယ်။ ကျွန်တော်မျိုးပိုင်ဆိုင်သမျှ ဥစ္စာပစ္စည်းရဲ့ ထက်ဝက်ကို မရှိဆင်းရဲသူတို့ကို ဝေငှ ပေးလှူပါ့မယ်။ ကျွန်တော်မျိုး အတိတ်က မိုက်မှားခဲ့မိတဲ့ အပြစ်တွေကိုနောင်တရ ဝန်ခံပါပြီ။ ကျွန်တော်မျိုး မတရားသောနည်းနှင့် စည်းကြပ် ကောက်ခံခဲ့တဲ့ အခွန်ငွေများကိုအခွန်ဆောင်ခဲ့သူတွေအား အခွန်ငွေရဲ့ လေးဆ ပေးဆပ်ပါ့မယ်ဆိုတာ ကတိပြုပါတယ် ကိုယ်တော်" အံ့ဖွယ် ကောင်းပေစွ၊ သူပို၍ ကောက်ထားတဲ့ငွေ၏ လေးဆမျှသော ငွေကို အဘယ်သို့ ပေးဆပ်မည်နည်း ?

ဇကွဲသည် တစ်သက်လုံးဇိမ်နှင့် နေထိုင်စားသောက်ခဲ့ပြီး အတ္တလွန်ကဲခဲ့သည်။ ယနေ့ ယေရှုနှင့် တွေ့၍ မွန်မြတ်သော တရားကို ရရှိလိုက်သောကြောင့် သူ့ဘ၀လမ်းကြောင်း ပြောင်းလဲသွားခဲ့လေသည်။ ရုတ်ခြည်းဆိုသလို မေတ္တာ၊ စေတနာ၊ သဒ္ဓါတရား၏ ကောင်းကျိုးကို တွေ့ကြုံခံစားလိုက်ရလေသည်။

မကျေမနပ်ဖြစ်နေသော လူအုပ်ကြီး ကြားနိုင်လောက်အောင် "ယနေ့ပင် ကယ်တင်ခြင်း မင်္ဂလာသည် ဤအိမ်ပေါ်၌ သက်ရောက်လေပြီ။ အကယ်စင်စစ်လူသားသည် ပျောက်ဆုံးနေသူတို့အား ရှာဖွေရန် ကြွလာခြင်းဖြစ်သတည်း" ဟု ယေရှုက မိန့်တော်မူလေသည်။ ဇကွဲဆိုသူ အတိတ်က အဘယ်မျှပင် ဆိုးသွမ်းခဲ့သည်ဖြစ်စေ၊ ယခုအရေးမကြီးတော့ပါ။ ကိုယ်တော်ရှင်၏ မေတ္တာတော်က ခွင့်လွှတ်နိုင်သည်အထိ ကြီးမြတ်တော်မူ၏။ ဇကွဲ၏ အပြစ်များကို ယေရှုက ဖေါ်ထုတ်သည်ဟု မှတ်တမ်းတွင် မတွေ့ရပါ။ စင်စစ်ဇကွဲသည် နောင်တသံဝေဂ၏အကျိုးကို သိမြင်ခဲ့ပြီး မေတ္တာစေတနာကို လက်တွေ့ပြလိုက်ပြီ ဖြစ်သည်။ ယေရှုရှင်အား သူ့နေအိမ်အတွင်းကိုသာ ဖိတ်ခေါ်သည် မဟုတ်။ သူစိတ်ဝိညာဉ် အသက်တာအတွင်းကို စိုးမိုးခွင့်ပြုလိုက်ကာ ယေရှု၏ သွန်သင်လမ်းပြမှုကို ခံယူသော နောက်တော်လိုက် တပည့်အဖြစ်သို့ ရောက်ရှိသွားခဲ့လေသည်။ ဤသို့ဖြင့် လောလောလတ်လတ်မွေးဖွားလာသည့် သူငယ်ကဲ့သို့ ဘုရားသခင်၏ နိုင်ငံတော်သား အဖြစ် ရောက်ရှိခဲ့ခြင်းဖြစ်သည်။

ဇကွဲအဖို့ အသစ်သော ဘ၀အသက်တာ စတင်လေပြီ။ ဝန်းကျင်ရှိ လူများအား စာနာတတ်ပြီး ကိုယ်ကျိုးအတွက် ခေါင်းပုံဖြတ်သည့် အကျင့်ဆိုးလည်း မရှိတော့၊ ချို့တဲ့သူတို့အား အလှူဒါန ပြုတတ်လာသည်။ အရှင်သခင်အား ဝမ်းမြောက်စွာ လက်ခံလိုက်ခြင်းသည် မိမိဘ၀ အသက်တာကို ဘုရားထံ ဆက်ကပ်လိုက်ခြင်း ဖြစ်သည်။ သမိုင်းတစ်လျှောက် ခေတ်အဆက်ဆက်ကို ပြန်ကြည့်သောအခါ ဤသို့ ဆက်ကပ်

ခြင်းအားဖြင့် ဘဝ၌ ပြောင်းလဲခဲ့ကြသည်ကို တွေ့ရပေသည်။ ယခုလည်း ဇကွဲက ထိုအချက်ကို သတ်သေထူလိုက်ပြန်ပြီ။ အလှူဒါန ပြုခြင်းသည် အလှူရှင်၌ ပျော်ရွှင်ကျေနပ်မှု ရရှိကြောင်းသူ လက်တွေ့ခံစား ရပေပြီ၊ "သူတစ်ပါးအား ပေးကြလော့၊ ပေးလျှင် သူတစ်ပါးသည် သင်တို့အား ပေးကြလိမ့်မည်။ အမှန်ခြင်ရှုံ့မှုမက သိပ်နှက်လျက်၊ လှုပ်လျှက် လျှံလျှက်ရှိခြင်း နှင့် သင်တို့ရင်ခွင်၌ ပေးကြလိမ့်မည်။" (လု။ ၆း၃၈) ဆိုသော ဟောပြောချက်ကို ယခုပို၍ အဓိပ္ပါယ်ပေါက်လာတော့သည်။

## စဉ်းစားဆင်ခြင်ရန်

၁။ ယေရှုရှင်အနေနှင့် လက်မခံနိုင်လောက်အောင် ဆိုးသည်ဟူ၍ မရှိပါ။ လက်မခံနိုင်လောက်အောင် ကောင်းလွန်းသည် ဟူ၍ကား ရှိနိုင်၏။ မိမိအခြေအနေအပြစ်ရှိသဖြင့် ဒုစရိုက်အပြစ်သားဟု သိမှတ်ထားသူများနှင့် ယေရှုက ပေါင်းသင်းနိုင်သော်လည်း၊ ကိုယ်ကိုကိုယ် ဖြောင့်မတ်သည်ဟု စိတ်ကြီး ဝင်နေကြသူ ဘာသာရေးသမားများနှင့်ကား အလုပ်ဖြစ်မည် မဟုတ်ပါ။ "ငါအမှန်ဆိုသည်ကား အခွန်ခံတို့နှင့် ပြည့်တန်ဆာတို့သည် သင်တို့အရင် ဘုရားသခင်၏ နိုင်ငံတော်သို့ဝင်တတ်ကြ၏။ အကြောင်းမူကား၊ ယောဟန် (နှစ်ခြင်းဆရာ) သည် ဖြောင့်မတ်သော အကျင့်ကို ကျင့်၍ သင်တို့ဆီသို့ လာသော်လည်း သင်တို့မယုံကြည်ကြ၊ အခွန်ခံနှင့် ပြည့်တန်ဆာ တို့မူကား ယုံကြည်ကြ၏။ ထိုအကြောင်းကို သင်တို့သည် မြင်သော်လည်း ယုံကြည်မည်အကြောင်း နောက်တဖန် နောင်တမရကြ " (မ။ ၂၁း၃၁-၃၂) ဟုယေရှုက မိန့်တော်မူ၏။

၂။ ယေရှုဘက်တွင်လည်း ကုံလုံကြွယ်ဝသူ အချို့ ရှိခဲ့သည်။ အချိန်ပြည့် ဆက်ကပ်လျှက် နောက်တော်လိုက်သူများ မဟုတ်သည့်တိုင် သူ့အမှုတော် လုပ်ငန်းတွင် လက်တွေ့ လိုအပ်သော ငွေကြေးပံ့ပိုးခြင်းဖြင့် များစွာကူညီ ခဲ့သူများ ဖြစ်သည်။ ဥပမာ၊ အရိမသဲမြို့သား ယောသတ်နှင့် နိကောဒင်(ယော။ ၁၉း၃၈- ၃၉) တို့သည် ငွေကြေးတတ်နိုင်ရုံမျှမက ယုဒတရားလွှတ်ရုံးတော်(ဆန်ဟီဒရင်) မှ သြဇာရှိအမတ်များ ဖြစ်ကြသည်။ ယေရှုရှင်က ငယ်သားတစ်ယောက်အား ရောဂါမှ ပျောက်ကင်းစေခဲ့သူ ကပေရနောင်မြို့တွင် အခြေစိုက်သည့် ရောမတပ်၏ တပ်မှူး၊ ဟေရုဒ်မင်း နန်းတော်မှ စားတော်ကဲ(ခု၈)၏ ဇနီးယောဟန္န ဆိုသူမှာလည်း ယေရှုရှင်၏ အနီးအပါးမှ ကူညီနေသူဖြစ်သည်။ ၄င်းတို့အပြင် မာသ၊ မာရီ၊ လာဇရု တို့သည်လည်း ယေရှုရှုလင်မြို့၏ လူကုံထံများ ဖြစ်ကြပါသည်။

သို့သော် ယေရှု၏ တပည့်တော်(တမန်တော်) များဖြစ်သော ပေတရု၊ အန္ဒြေ၊ ယာကုပ် နှင့် ယောဟန်ဆိုသူတို့သည် တံငါသည်များဖြစ်ကြပြီး မဿဲနှင့် ဇကွဲတို့သည် အခွန်ခံများသာ ဖြစ်ကြသည်။ မည်သို့ပင်ဖြစ်စေ သူတို့သည် အရှင်ကိုယ်တော်ထံ ဆက်ကပ်လျှက် လောကကြီးကို မေတ္တာနိုင်ငံသို့ ရောက်စေအံ့သောငှာ မိမိပိုင်ဆိုင်သမျှ ဥစ္စာဘဏ္ဍာကို သာမက အသက်ကိုပင် ပဓာနမထားဘဲ တင်လှူပူ ဇော်ခဲ့ကြပေသည်။

၃။ သင်ကိုယ်တိုင်သည် တပည့်တော်(အမှုတော်ဆောင်) တစ်ဦး ဖြစ်မလာနိုင်သည့်တိုင် တပည့်တော် ဖြစ်သူများအား ထောက်ပံ့ခြင်းဖြင့် ကုသိုလ် "အကျိုး(ကျေးဇူး) ကိုခံရလတ့်" ဟု ကျမ်းစာ၌ ကတိပြုထား၏။ (မ။ ၁၀း၄၀-၄၂) ယေရှုရှင်က ဇကွဲအား သူပိုင်သော အိုးအိမ်စည်းစိမ်တို့ကို စွန့်လွှတ်ရန် ဆုံးမခဲ့သည်ဟု မဆိုသော်လည်း သူ၏ ပြောင်းလဲခြင်းကြောင့် သူသည် "မြေကြီးပေါ်မှ ဘဏ္ဍာကို မဆည်းပူး" (မ။ ၆း၁၉-၂၁) ဆင်းရဲသူတို့အား ထောက်ပံ့လှူဒါန်းခြင်းဖြင့် သူပိုင် ဥစ္စာဓနကို ကောင်းမှုကုသိုလ်အတွက် အသုံးပြုခဲ့သည်ကို တွေ့နိုင်ပေသည်။

## နိဂုံးချုပ်

သင်သည် ကောင်းကင်ဘုံသို့ ဝင်စားခွင့် ရမည်မှာ သေချာပြီ၊ ယုံမှားသံသယရှိဖို့ မလိုတော့၊ ယနေ့ပင်သိရ ပြီဖြစ်၏။ ဤသို့ဆိုသော် ကောင်းလှပေစွ၊ ယေရှုသခင်အား သင့်စိတ်နှလုံးအတွင်းသို့ ဖိတ်ခေါ် ဝင်ခွင့်ပြုခြင်းဖြင့် ထိုအခွင့်အရေးကိုရှိကြောင်း ခံစားနိုင်ပေသည်။ ယေရှုရှင်ကို ရပြီဆိုလျှင် တဖန်လက်လွှတ်သွားရန် အကြောင်းမရှိတော့ပါ။ အမှန်စင်စစ် "ခမည်းတော်သည် ငါ့အား ပေးတော်မူသမျှသော သူတို့သည် ငါ့ထံသို့ လာကြလိမ့်မည်။ ငါ့ထံသို့ လာသောသူကို ငါသည်အလျှင်းမပယ်" (ယော။ ၆း၃၇) ဟု ယေရှုရှင်က ကတိထားတော်မူ၏။

သင့်စိတ်နှလုံးအတွင်း၌ ယေရှုရှင်ကို ရသောအခါ သင်သည် ထာဝရအသက်ကိုလည်း ရပြီဖြစ်၏။ ထို ထာဝရအသက်ကို သင်သည် မည်သည့်အခါမျှ လက်လွှတ် ပျောက်ဆုံး ရလိမ့်မည်မဟုတ်။ ရုပ်ပိုင်းနှင့်ဆိုင်သော သင့်ကိုယ်ခန္ဓာကိုဆုံးရှုံးနိုင်မည် ဖြစ်သော်လည်း ထာဝရအသက်ကိုကား ဆုံးရှုံးလိမ့်မည် မဟုတ်။ ကယ်တင်ခြင်း ဆုလာဘ်သည် တစ်သက်တာလုံး အတွက်ဖြစ်သည်။ သင့်အား ကယ်တင်ပြီ ဆိုလျှင် အသက်ထက်ဆုံး ကယ်တင်ခြင်း ရလေ၏။

သင်သည် (ဒုတိယအကြိမ်) မွေးဖွားခြင်းကို ခံရသောအခါ သင်သည် ဘုရားသခင်၏ သားသမီး အဖြစ်သို့ ရောက်ရှိသည်။ ထိုအဖြစ်သို့ ရောက်သောအခါ ဘုရားရှင်က သင့်အား ထာဝရ ပိုင်ဆိုင်လေသည်။ ဘုရားသခင်သည် စိတ်ထားပြောင်းလဲတတ်ခြင်း ကင်း၏။ ထို့ကြောင့် ယေရှုသခင်အား ကယ်တင်ရှင်အဖြစ် သိရှိလက်ခံ လိုက်သည်နှင့် ကယ်တင်ခြင်းကို ခံရပြီဖြစ်သော ဘုရားသခင်၏ သားသမီးအဆင့်သို့ရောက်၏။

"သားတော်ကို ယုံကြည်သောသူသည် ထာဝရအသက်ကို ရ၏။" (ယော။ ၃း၃၆) ချွင်းချက်များထားဖို့ မလိုအပ်ပါ။ ယခုပင် သင်ရနိုင်၏။ "သင်သည် ကောင်းမွန်သူ ဖြစ်ရမည်။ ဥပုသ်နေ့တိုင်း ဝတ်ပြုကိုးကွယ်ရန် ဗိမ္ဘာန်တော်သို့ သွားရပါမည်။သားတော်ကို ယုံကြည်လျှင် ထာဝရအသက်ကို ရလိမ့်မည် ဟုမဆို၊ ရပြီ ဟုဆိုလို သည်။ ယုံကြည်လိုက်သည်နှင့် ထိုဆုကျေးဇူးကို ရလေပြီ" သင်အပြစ်ကျူးလွန်မိသည်ဖြစ်စေ၊ အမှားလုပ်မိသည် ဖြစ်စေ၊ အကုသိုလ်စိတ်နှင့် အတ္တလွန်သောအမှုတစ်ခု ပြုလုပ်မိသည် ဖြစ်စေ၊ ထာဝရ အသက်ကို လက်လွတ်ပြီ ဟူသော အန္တရာယ်ကို ခံစားမိပါက ထာဝရအသက်ကို ရပြီ ဟု အဘယ်သို့ ဆိုနိုင်မည်နည်း၊ ခေတ္တခဏသာ ပိုင်ဆိုင်သည် ဆိုပါက ထာဝရပိုင်ဆိုင်ခြင်း မဖြစ်နိုင်ပေ။

တစ်နေ့တာကာလအတွင်းမှာပင် ကယ်တင်ခြင်းဆုရပြီ၊ လက်လွတ် သွားပြန်ပြီ၊ တဖန်ရပြန်ပြီ၊ တဖန်လွတ်သွားပြန်ပြီ ဟု ကြိမ်ဖန်များစွာ အဘယ်သို့ ခံစားရမည်နည်း၊

လူအချို့တို့က "တမလွန်ဘဝ ရောက်သည့်အခါ လောကတွင် အသက်ရှင်စဉ်က ပြုခဲ့သော ကုသိုလ်နှင့် အကုသိုလ် အလုပ်များကို စိစစ်ချိန်စက်ပြီး ကုသိုလ်က အလေးသာသောကြောင့် နိုင်ငံတော်သို့ ထိုက်ထိုက်တန်တန် ဝင်ရပြီ ဆိုခါမှ 'ငါတော့ နိုင်ငံတော်သို့ ဝင်စားခွင့်ရပြီ၊ 'ဟု တပ်အပ်ပြောနိုင်မည်ဟု ဆင်ခြင်တွေးတောကြသည်။ ယင်းတို့သည် ဘုရားသခင်နှင့် ဆက်ဆံမှု အခြေအနေမှန်ကို ကြည်လင်စွာ မမြင်ကြသေးပေ။ ထိုသို့သာ ထင်မြင်နေရပါက ငြိမ်သက် ချမ်းသာခြင်း ကင်းနေပေလိမ့်မည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်၌ ထားရှိသော ကယ်တင်ခြင်းနှင့်ဆိုင်သည့် အာမခံချက် ကို ရှင်းလင်းစွာ သဘောမပေါက်သေး၍လည်း ဖြစ်မည်။

ယောဟန်ခရစ်ဝင်(၃း၃၆) ၌ ဖော်ပြပါရှိသည့် ကျမ်းပိုဒ်ကို ဉဿုံ ယုံကြည်ခြင်းဖြင့် မတင်မကျ၊ မသေမချာမှုများအားလုံး အဆုံးသတ်သွားလိမ့်မည်။ ကယ်တင်ခြင်း ရမရ ဟူသည်ကို စိတ်ပူနေဖို့ မလိုတော့- "သားတော်ကို ရသောသူသည် ထာဝရအသက်ကို ရသောကြောင့်တည်း"- "ငါသည်လည်း ကပ်ကမ္ဘာကုန်သည့် တိုင်အောင် သင်တို့နှင့်အတူ အစဉ်မပြတ်ရှိသည်။" (မ။ ၂၀း၂၈) "ငါသည် သင့်ကို မစွန့်၊ သင့်ကို အလျင်းပစ်၍မထား" (ဟေဗြဲ။ ၁၃း၅) စသည်ဖြင့် ကတိတော်များ ထားခဲ့သောကြောင့်တည်း။ သင်သည် ယေရှုခရစ်အားဖြင့် အံ့ဖွယ်ကောင်းလှသည့် အခမဲ့ပေးနေသော ထာဝရအသက် ဆုကြီး လာဘ်ကြီးကို မရသေးပါက အောက်ပါ ရိုးစင်းသော ဆုပတ္ထနာကို တောင်းခြင်းဖြင့် ယခုပင် ရယူနိုင်ပါပြီ- "ယေရှုဘုရား၊ သခင်ကိုယ်တော်သည် ဘုရားသခင်၏ သားတော်ဖြစ်တော်မူကြောင်းကို ကျွန်တော်မျိုး ယုံကြည်ပါ၏။ ကျွန်တော့အတွက် အသက်တော်ကို စွန့်လွှတ်ခဲ့သည်ကိုလည်း ယုံကြည်ပါ၏။ ကျွန်တော် မိုက်မှားမိသမျှ အရာအားလုံးအတွက် ခွင့်လွှတ်တော်မူပါ။ ကျွန်တော့် စိတ်ဝိညာဉ်အတွင်း ဝင်ရောက်ကိန်းအောင်းလျှက် ထာဝရအသက်ဆုကို ပေးအပ်ပါမည့်အကြောင်း တောင်းလျှောက်ပါ၏။ ကိုယ်တော်ရှင်၏ မေတ္တာတော်အကြောင်းကို အခြားသူတို့အား ကြားပြောကာ အသိပေးခြင်းဖြင့် ကိုယ်တော်ရှင်နှင့် အခြားသူများအား ချစ်ခြင်းမေတ္တာ ထားရှိနိုင်ရန် မစတော်မူပါဘုရား"

ယခုပင် သင်သည် ဤလောက၌လည်းကောင်း၊ နောင်တမလွန်ဘဝ၌လည်းကောင်း၊ ကြီးမြတ်တော်မူသော ကောင်းချီးဆုကျေးဇူးကို ရရှိလေပြီ။ ထို ဆုလာဘ်ကို အဘယ်သူကမှ ပြန်ယူသွားလိမ့်မည်မဟုတ်ဆိုသော ကတိတော်သည် တည်ရှိနေပေ၏။

## ထာဝရအသက် – သင့်အတွက် အာမခံချက်

***နှုတ်ကပတ်တော်၏ သက်သေ ကယ်တင်ခြင်းကို တစ်ကြိမ်ရဖူးလျှင်၊ ထာဝစဉ်ပိုင်ဆိုင်၏***

ယော။ ၃း၁၆ "ဘုရားသခင်ကို ယုံကြည်သူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကို ရစေခြင်းငှါ၊ ဘုရားသင်သည် မိမိ၌ တစ်ပါးတည်းသော သားတော်ကို စွန့်တော်မူသည်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏"

ယော။ ၅း၂၄ "ငါ့စကားကို နားထောင်၍ ငါ့ကို စေလွှတ်တော်မူသော သူတို့ကို ယုံကြည်သူသည် ထာဝရအသက်ကို ရသည်ဖြစ်၍ အပြစ်စီရင်ခြင်းကို မခံရ၊ သေခြင်းမှ အသက်ရှင်ခြင်းသို့ ကူးပြောက်သောသူ ဖြစ်၏"

ယော။ ၆း၃၇ "ခမည်းတော်သည် ငါ့အား ပေးတော်မူသမျှသော သူတို့သည် ငါ့ထံသို့ လာကြလိမ့်မည်။ ငါ့ထံသို့ လာသောသူကို ငါသည် အလျင်းမပယ်။

ယော။ ၁၀း၂၈-၂၉ “ထာဝရအသက်ကိုလည်း ငါပေး၏။ ထိုသိုးတို့သည် ပျက်စီးခြင်းနှင့် အစဉ်မပြတ် ကင်းလွတ်ကြလိမ့်မည်။ အဘယ် သူမျှ ထိုသိုးတို့ကို ငါ့လက်မှ မနှုတ်မယူရာ။ ထိုသိုးတို့ကို ငါ၌ အပ်ပေးတော်မူသော ငါ့ခမည်းတော်သည် ခပ်သိမ်းသောသူတို့ထက် ကြီးမြတ်တော်မူသည်ဖြစ်၍ အဘယ်သူမျှ ထိုသိုးတို့ကို ငါ့ခမည်းတော်၏ လက်မှ မနှုတ်မယူနိုင်ရာ”

ရောမ။ ၆း၂၃ “အပြစ်တရား၏ အခကား သေခြင်းပေတည်း။ ဘုရားသခင် ပေးတော်မူသော ဆုကျေးဇူးတော်ကား ငါတို့သခင်ယေရှုအားဖြင့် ထာဝရ အသက်ပေတည်း။




၁ယော။ ၂း၂၅ “ငါတို့အား ပေးတော်မူသော ကတိတော်ကား ထာဝရ အသက်ကို ဝန်ခံတော်မူသော ကတိတော်ပေတည်း”

၁ယော။ ၅း၁၃ “ဘုရားသခင်၏ သားတော်ကို ယုံကြည်သော သင်တို့သည် ထာဝရ အသက်ကို ကိုယ်တိုင်ရသည်ဟုသိစေခြင်းငှာ ဤအ ရာများကို သင်တို့အား ငါရေး၍ ပေးလိုက်၏။”

## ပညာသားပါသည့် စကားများ

### မြင့်မြတ်သောအရာ ချိန်ရွယ်ပါ။

- သင်သည် ဘဝကို အရှုံးမပေးဘဲ၊ ရုန်းကန်၊ တိုက်ခိုက်၊ တက်လှမ်းပြီး အနိုင်ယူမည် ဆိုပါက ရှေ့သို့ ချီတက်ခြင်းနှင့် ရအုံ့ဆဲဆဲ မြင့်သော အဆင့်အတွက် စိတ်တက်ကြွဖွယ် ဖြစ်လိမ့်မည်။
- ပညာရည်နိမ့်သူတို့သည် စွမ်းဆောင်နိုင်မည်ဟု မထင်ဝံ့ဘဲ လုပ်ရင်းကိုင်ရင်းနှင့် များစွာသော တီထွင်မှုများကို ဆောင်ရွက်ခဲ့ကြသည်။
- လုပ်ကိုင်မည့် အလုပ်တစ်ခုတွင် ကန့်သတ်ချက်ထားလိုက်ပါက ကိုယ်လုပ်နိုင်သော ထိုအလုပ်အား ကန့်သတ်လိုက်သကဲ့သို့ ဖြစ်သွားတတ်၏။
- စိန်ခေါ်မှု တစ်ခုစီကို မဖြစ်နိုင်သည့် ဘက်မှ မရှုမြင်ဘဲ မည်သို့ဆောင်ရွက်နိုင်မည် ဆိုသော ရှုထောင့်မှ ကိုင်တွယ်ပါ။
- အကြောင်းမဲ့သော သေရခြင်းထက် အကြောင်းတစ်ခုခုအတွက် အသက်စွန့်ရခြင်းက သာ၍ မြတ်ပေ၏။
- တစ်ဦးတစ်ယောက်တွင် ဆုံးဖြတ်ချက်နှင့် စိတ်ကူး မပေါက်ဘဲ မိုးထိုးအောင် မြင့်မားသော အဆောက်အအုံများ အလိုအလျောက် ပေါ်လာမည်မဟုတ်ပေ။ အချို့က ဖြစ်နိုင်ချေရှိသည်ကို ယုံကြည်၏။ အချို့ကမူ ဖြစ်ကို ဖြစ်ရမည် ဟု ယုံကြည်ကြသည်။
- အန္တိခရီးပန်းတိုင်သို့ မရောက်ရှိသော ခရီးသည်သည် ရည်မှန်းချက်ကင်းကာ ချာချာလည် နေရှာသော ခရီးသည်သာ ဖြစ်ပေသည်။
- ဘုရားသခင်နှင့်အတူ လျှောက်လှမ်းသူသည် ပန်းတိုင်သို့ မလွဲမသွေ ရောက်ရှိရလိမ့်မည်။



# သင်သိလိုသည့်အရာများ ဘုရားရှင်၏အဖြေ !

**အမေး။ ဘုရားသခင်ကိုမသိပါ၊ နားမလည်ပါ။ မြင်လည်းမမြင်ဘူးပါ။ ဘုရားကို ကျွန်ုပ်အဘယ်သို့ ယုံကြည်နိုင်မည်နည်း ?**

အဖြေ။ လူသည် လျှပ်စစ်စွမ်းအားကို နေ့စဉ် အသုံးပြုလျက်ရှိကြပါသည်။ လျှပ်စစ်စွမ်းအား အကြောင်းကို အပြည့်အဝ နားလည်မှု မရှိပါ။ ထိုစွမ်းအား အဘယ်ကလာသည် အဘယ်သို့သွားသည်ကိုလည်း မသိကြပါ။ ယင်းကို မြင်နိုင်စွမ်းမရှိသော်လည်း ၎င်း၏ စွမ်းဆောင်မှုတို့ကို မြင်တွေ့နိုင်ကြပါသည်။ အလားတူပင် ဘုရားသခင် တည်ရှိတည်နေတော်မူကြောင်းကို လက်ခံကြရပါမည်။ အဘယ်အရပ်မှ ပေါ်တော်မူ၍ အဘယ်အရပ်သို့ ကြွမြန်းသည်ကိုကား မသိနိုင်ပါ။ ဘုရားသည် ထာဝရ တည်ရှိတော်မူသည်။ အလုံးစုံသော အရာကို သိမြင်တော်မူသည်။ အနန္တတန်ခိုးနှင့် ပြည့်ဝတော်မူသည်။ သူ၏ တန်ခိုးတော်သည် ကျွန်ုပ်တို့ အပေါ်သို့ လည်းကောင်း၊ အခြားသော သတ္တဝါခပ်သိမ်းအပေါ်သို့ လည်းကောင်း သက်ရောက်သည်ကို မြင်တွေ့ခံစား ရပါသည်။

လျှပ်စစ်ဓါတ်အားနှင့် ပတ်သက်၍ ၎င်း၏ စွမ်းဆောင်နိုင်မှုကို ကျွန်ုပ်တို့ သိပါ၏။ လျှပ်စစ်(မီး)ခလုတ်ကို ဖွင့်လိုက်သောအခါ ဓာတ်အားလိုင်းများဆက်(ထိတွေ့) မိသဖြင့် လျှပ်စစ်စွမ်းအားများ စီးဆင်းကာ လူတို့အတွက် လိုရာလုပ်ငန်းကို လုပ်ဆောင်ပေးသည်။ ထိုနည်းတူ မိမိကိုယ်တိုင်သည် ဆုတောင်းခြင်း(ခလုတ်) အားဖြင့် ဘုရားနှင့် ထိတွေ့မိသောအခါ ဘုရားသခင်၏ တန်ခိုးတော်သည်လည်း စီးဆင်းလာလေသည်။ ဝိညာဉ်ရေးအရ ဘုရားသခင်၏ နှုတ်ကပတ်တော် (တရားတော်) ကို နာခံခြင်းဖြင့် ထိတွေ့ဖို့ရန် လိုအပ်ပါသည်။ လျှပ်စစ်စွမ်းအားကို အသုံးပြုသကဲ့သို့ ဘုရားသခင်၏ တန်ခိုးတော် စွမ်းအားကို ပင့်ဖိတ်ကာ အသုံးပြုသင့်ပါသည်။ ဤသို့ဖြင့် ကျွန်ုပ်-တို့၏ ဘဝအသက်တာခန်းမများအတွင်း အလင်းတော်၊ တန်ခိုးတော်နှင့် ဝမ်းမြောက်ခြင်းနှင့် ပြည့်ဝသော အသက်တာတို့ကို ခံစားရရှိပြီး လူတို့မစွမ်းဆောင်နိုင်သည့် အရာခပ်သိမ်းကို ဘုရားရှင်က စွမ်းဆောင် ပေးတော်မူလိမ့်မည်။

ယုံကြည်ခြင်းလက်ကို ဆန့်တန်းကမ်းလှမ်း၍ ဆုံးဖြတ်ချက်ခလုတ်ကို ဖွင့်လိုက်သည်နှင့် ဘုရားရှင်နှင့် ထိတွေ့ပြီးနောက် သင့်အသက်အ-တွင်း တန်ခိုးတော် စွမ်းပကားများ စီးဆင်းလာလိမ့်မည်။ ဤမျှ လွယ်ကူပါ၏။ သင့်အနေနှင့် အဖြေများစွာ သိထားရန် မလိုပါ။ ခလုတ်ကို သာနှိပ်လိုက်ပါ။ တန်ခိုးတော် အရှိန်သည် သင့်ဘဝ၌ စတင်လှုပ်ရှားလာပါလိမ့်မည်။ !

# အံ့ဖွယ်ရာအကောင်းဆုံးစာအုပ်

စာပေအက္ခရာတင်ခဲ့လေသမျှ စာပေကျမ်းဂန်များအနက် သမ္မာကျမ်းစာသည် အလွန်မှ ထူးခြား အံ့သြဖွယ် အကောင်းဆုံး စာပေကျမ်းဂန်တစ်ဆူ ဖြစ်ပါသည်။ ကျမ်းစာပါ အချက်အလက်များ၊ ဩဝါဒ သွန်သင်မှုများကို သင်လက်ခံသည် ဖြစ်စေ လက်မခံသည်ဖြစ်စေ ကျမ်းစာ၏ ထူးခြားခြင်းကိုကား သင်ငြင်းနိုင်မည် မဟုတ်ပါ။ အမည်ခံ ခရစ်ယာန်များ၏ အမူအကျင့်တို့ကို ကြည့်၍ လူအများက “ဤကျမ်းစာသည် ဤ၍ ဤမျှသော ဘာသာတရားမျိုးကို သွန်သင်သည်ဆိုပါက ‘တော်ပါ၊ တန်ပါဗျာ၊ မလိုပါဘူး၊ ကျေးဇူးပါပဲ၊ ’ ဟု သမ္မာကျမ်းစာအား သရော်ကြမည် ဆိုပါက အပြစ်တင်၍ မဖြစ်နိုင်ပါ။သို့သော် ယေရှုရှင် သွန်သင်ဟောကြားတော်မူခဲ့သော မေတ္တာတရားသည် ယနေ့လူတို့ ကျင့်ကြံနေကြသော ဘာသာရေးဓလေ့ထုံးစံများနှင့် အဘယ်သို့မျှ မပတ်သက်ကြောင်း တွေ့ရှိလာသောအခါ သမ္မာကျမ်းစာတော်အား အာဃာတ မထားဘဲ လက်ခံနိုင်ပေလိမ့်မည်။ သင်၏ နှလုံးတံခါးကို လှစ်ဟလျက်၊ ရိုးသားစွာ အမှန်တရားကို ရှာဖွေနေရိုးမှန်လျှင် လူတို့က မှားယွင်းလွဲချော်စွာ အဓိပ္ပါယ်ကောက်ချက် ဆွဲထားသည်များကို ဖယ်ရှင်းပြီးနောက် သမ္မာကျမ်းစာ၏ အခြေအမြစ် နှင့် မှန်ကန်သော အကြံအစည်တော်သည် မည်သို့ရှိကြောင်း တွေ့မြင်လာလိမ့်မည်။ သို့နှင့် သမ္မာကျမ်းစာသည် ဘာသာရေးဆိုင်ရာ ဥပဒေသများကို ဖော်ညွှန်းသော ကျမ်းမျှသာမဟုတ်၊ ကမ္ဘာပေါ်တွင် အလွန်မှ အံ့ဖွယ်ကောင်းသည့် မွန်မြတ်တင့်တယ်လှသည့် သဘာဝလွန် နိမိတ်လက္ခဏာများဖြင့် ပြီးသည့် ကျမ်းမြတ်တစ်ဆူ ဖြစ်သည်ကို တွေ့ရပေလိမ့်မည်။ ဤကျမ်းက လူသားများသည် ဤလောကသို့ အဘယ်က လာသည်၊ အဘယ်နည်းဖြင့် ရောက်ရှိလာကြသည်၊ အဘယ်သို့ အသက်ချမ်းသာရာ ရမည်။ အဘယ်သို့ မေတ္တာပွားများကာ ထာဝစဉ် ရွှင်လန်းစွာ နေအပ်သည်တို့နှင့် စပ်လျဉ်း၍ ဖော်ညွှန်း ပြသလိမ့်မည်။

အံ့ဖွယ်သော ဤကျမ်းစာတော်မြတ်ကို ယုံကြည် လက်ခံသင့်၊ မခံသင့် မဆုံးဖြတ်မီ အောက်ပါထူးခြားသော သစ္စာတရား(၇)ပါးကို ဦးစွာဆင်ခြင်ပါ။

၁။ သမ္မာကျမ်း၏ အစဉ်တစိုက် တစ်ဆက်တစ်စပ်တည်း တည်ရှိခြင်းသည် ထူးခြားမှု တစ်ရပ်ဖြစ်သည်။ အက္ခရာတင် ရေးသားသည့် အချိန်ကာလသည် နှစ်ပေါင်း ၁၅၀၀ မျှရှည်လျားသည်။ ကျမ်းရေးသား ပြုစုသူ ပုဂ္ဂိုလ်ပေါင်း ၄၀ကျော်ရှိပြီး၊ ဘုရင်များ၊ တောသူတောင်သားများ၊ အတွေးအခေါ် (ဒဿန) ပညာရှင်များ၊ တံငါသည်များ၊ ပညာရှိများ စသည်ဖြင့် လူ့လောက အလွှာစုံမှပါဝင်သည်။ အစသည်မှ အဆုံးတိုင် ကျမ်းပြုသူတို့က အငြင်းပွားဖွယ် အကြောင်းအချက်များကို ညီညွတ်စွာ တင်ပြခြင်းဖြင့် အစဉ်တစိုက် ဆက်ဆပ်မှု ရှိစေသည်။ အဓိကကျသော အချက်မှာ လူသားအပေါ်ထားရှိသည့် ဘုရားသခင်၏ မေတ္တာတော် အကြောင်းဖြစ်သည်။

၂။ လူအများစုသည် သမ္မာကျမ်းစာအား အခြားစာအုပ်ထက်ပို၍ ဖတ်ရှုကြသည်။ ပုံနှိပ်ထုတ်ဝေခဲ့သမျှသော စာအုပ်များအနက် သမ္မာကျမ်းသည် နှစ်စဉ်အရောင်း အတွင်ကျယ်ဆုံး စာအုပ်ဖြစ်ပြီး ယနေ့တိုင် အရောင်းသွက်နေဆဲ ဖြစ်သည်။ ရေပန်းစားသော စာအုပ်များစာရင်းတွင် ဖော်ပြထားခြင်းမရှိ၊ ဖော်ပြဖွံ့မည်လည်း မဟုတ်ပါ။ လူတို့ရေးသားခဲ့သော ဒုစရိုက်မှုများ၊ ဝတ္ထုများ၊ သမိုင်းကို မှားယွင်းစွာ ဖြစ်စေ မှန်ကန်စွာဖြစ်စေ ရှုမြင်ရေးသားချက်များအားလုံးထက် သမ္မာကျမ်းစာက အရောင်းရဆုံး အဆင့်တွင် ရှိလေသည်။ စာပေလောကတွင် ပထမဆုံး ပုံနှိပ်ထုတ်ဝေသည့် စာအုပ်မှာ သမ္မာကျမ်းစာပင် ဖြစ်သည်။ (၁၄၅၆ ခုနှစ်တွင် ဂူသန်ဘာဂ် ပုံနှိပ်စက်မှ ရိုက်နှိပ်ခဲ့သည်)

၃။ ၁၉၉၃ ခုမှတ်တမ်းအရ ရေးသားခဲ့သမျှသော စာအုပ်များအနက် ကျမ်းစာတော်မြတ်အား အများဆုံး ဘာသာပြန်ခဲ့သည်။ တစ်အုပ်လုံးကို ဖြစ်စေ၊ အပိုင်းခွဲ၍ဖြစ်စေ၊ ဘာသာစကားပေါင်း (၂၀၆၂) သို့ ပြန်ဆိုနိုင်ခဲ့သည်။ ၁၉၉၃ခုနှစ် တစ်နှစ်အတွင်းတွင် ဘာသာစကားအသစ်ပေါင်း (၄၄) ဘာသာသို့ ပြန်ဆိုခဲ့သည်။

၄။ ရှေးဟောင်းစာပေများနှင့် ယှဉ်သော် သမ္မာကျမ်း၏ လက်ရေးမူသည် (သက်သေအဖြစ်) အများဆုံးရှိနေသည်။ ဂန္ထဝင်မြောက်ကျမ်း (၁၀) အုပ်ပေါင်းအတွက် ရှိသော လက်ရေးမူများထက် သမ္မာကျမ်းလက်ရေးမူက ပို၍များပြားသည်။ ပျက်စီးလွယ်သော အရာ(ပစ္စည်း)များပေါ်တွင် မူလက ရေးသားခဲ့ပြီး ပုံနှိပ်စက် မပေါ်မီကပင် နှစ်ပေါင်းထောင်ကျော်ကာလအတွင်း စာပေအရေးအသား မှန်ကန်မှု၊ တိကျမှုနှင့် ထိန်းသိမ်းမှုတို့တွင် သမိုင်းတစ်လျှောက်၌ သမ္မာကျမ်းလောက် .. ဂရုစိုက် ပြုစုခြင်းခံရသည့် စာအုပ်ဟူ၍ မရှိပါ။ ယုဒယဉ်ကျေးမှုနယ်ပယ်တွင် ကျမ်းတတ်များဟု သတ်မှတ်ခံရသော လူတန်းစားဟူ၍ သီးသန့်ရှိသည်။ ၄င်းတို့၏ အဓိက တာဝန်မှာ သမ္မာကျမ်းအား ပြည့်စုံမှန်ကန်စေရန် ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြစ်သည်။ ကျမ်းပါ စာသားများကို ဗျည်း၊ သရမှ စ၍စာမူတစ်ခုတွင် ပါဝင်ဖွဲ့စပ်ထားသော စာလုံးအရေအတွက်အထိ စေ့စပ်သေချာစွာ မှတ်သားကြ ရသည်။ အထပ်ထပ် စိစစ်ပြီးမှ ကူးယူကြရသည်။ မူလ ဘာသာစကား၏ လက်ရေးမူ ထောင်ပေါင်းများစွာတို့ကို တူးဖော်တွေ့ရှိခဲ့ပြီဖြစ်ရာ ယနေ့လူသားတို့အတွက် ခေတ်ကာလ အဆက်ဆက်ကွဲလွဲမှု ကင်းစင်စွာ မူလပကတိအတိုင်း လက်ခံရရှိသည်ကို ယုံမှားသံသယ ရှိဖို့မလိုတော့ပါ။

၅။ သမ္မာကျမ်းသည် ရန်သူတို့၏ ပြင်းထန်သော ထိုးနှက်တိုက်ခိုက်ခြင်းကို ခံခဲ့ရခြင်းကြောင့် အခြားသော စာအုပ်များနှင့် မတူဘဲ ခြားနားရသည်။ ထိုသို့သော ဖျက်ဆီးမှုများကြားမှပင် ယနေ့အထိ ရှင်သန်နေဆဲ ဖြစ်ပါသည်။ လူအချို့က မီးရှို့ဖျက်ဆီးခဲ့ကြသည်။ မတရားသော စာအုပ်အဖြစ် သတ်မှတ်တားဆီးခြင်းကိုလည်း ခံခဲ့ရသည်။ အချို့က ကျမ်းစာကို သေးသိမ်စေပြီး ပျောက်ကွယ်သွားရန် ကြိုးပမ်းခဲ့ကြသည်။ ဖိနှိပ်တားဆီးမှု အမျိုးမျိုးကို ရောမအင်ပါယာခေတ်မှသည် ယနေ့(အန်တီ-ခရစ်) နိုင်ငံအစိုးရများကြီးစိုးသော ခေတ်အထိပင် ဖြစ်ပါသည်။ အမျိုးမျိုးသော ထိုးနှက်ခြင်း ၊ကြိမ်ဖန်များစွာ ဖျက်ဆီးခြင်းတို့ ကြားမှ ယနေ့အချိန်အခါတွင် ရှင်သန်တည်တံ့နေရုံမျှမက ကျမ်းပါ သစ္စာတရားတော်နှင့် သွန်သင်ခြင်းများက ကြံ့ကြံ့ခံ နေခြင်းကပင်လျှင် အံ့ဖွယ်နိမိတ် လက္ခဏာပင်တည်း။

၆။ သမ္မာကျမ်းတွင် ဖော်ပြပါရှိသည့် သမိုင်းဆိုင်ရာ ဖြစ်ရပ်သည် မှန်ကန်သော မော်ကွန်းမှတ်တမ်းများဖြစ်ကြောင်း၊ ကျမ်းပါအချက်အလက်များသည်လည်း လုံးဝ တိကျမှန်ကန်ကြောင်းကို ရှေးဟောင်းသုတေသီတို့၏ ခေတ်မီနည်းပညာများအားဖြင့် အကြိမ်ကြိမ် စိစစ်ရှာဖွေတွေ့ရှိမှုတို့က သက်သေ ထူလျက်ရှိပါ၏။ မယုံကြည်သူ အချို့က ဓမ္မဟောင်းပါ အချက်အလက်များ၊ တိုင်းနိုင်ငံများ၊ ရှေးခေတ်လူမျိုးများ စသည်တို့သည် အမှန်တစ်ကယ် မဟုတ်ဘဲ စိတ်ကူးယဉ်ဒဏ္ဍာရီ မျှဖြစ်သည်ဟု စွပ်စွဲခဲ့ကြသည်။ သို့သော် ထိုစွပ်စွဲချက်တို့သည် အခြေအမြစ် မရှိကြောင်း သမိုင်းသုတေသီတို့က သက်သေပြနိုင်ပေပြီ၊

၇။ ရှလူတစ်ဦးချင်း၊ လူအစုလိုက်၊ လူမျိုးများ၊ မြို့ကြီးများ၊ မေရှိယအဖြစ် အနာဂတ်တွင် ကြွလာမည့် ပုဂ္ဂိုလ် စသည်တို့၏ အကြောင်းနှင့် ပတ်သက်၍ ကြိုတင် ဗျာဒိတ်ပေး ဟောကိန်းထုတ်ထားသော အကြောင်းခြင်းရာများကို ဤကျမ်းတစ်ဆူမှတစ်ပါး အခြား ဘယ်ကျမ်းဂန်၌မျှ မပါရှိပါ။ ရှေးခေတ်ကာလက အနာဂတ်၌ ဖြစ်ပေါ်လာမည့် အရေးအခင်းများကို ဖော်ပြသည့် ကျမ်းများအား(ခေါ်မ)ဂရိနှင့် လက်တင်

စာပေများ၌လည်း တွေ့ရပါသည်။ သို့သော် အနာဂတ်ကာလတွင် ဖြစ်ပေါ်မည့် အရာတို့ကို တိကျမှန်ကန်စွာ ဟောနိုင်ခြင်းမရှိပါ။ သမ္မာကျမ်းတွင်ကား မြောက်များစွာသော အနာဂတ်ရေး ဟောကိန်းများသည် တိကျခဲ့သည် မှန်ကန်ခဲ့သည်။ ဗျာဒိတ်တော်နှင့်အညီသမိုင်းတစ်လျှောက်တွင် ဧကန်အမှန် ပေါ်ပေါက် ဖြစ်ပျက်ခဲ့ပြီး ဖြစ်ပေသည်။ ဖြစ်ပေါ်ရန် အချက်တစ်ချက်သာ ကျန်ပါတော့သည်။ ၎င်းမှာ နောက်ဆုံးသောအချိန်ကာလနှင့်ဆိုင်ပြီး မကြာမီကာလ၌ ဖြစ်ပေါ်လိမ့်မည်။ တစ်နည်းဆိုရသော် ထိုကာလသည် ယခုပင် စတင်ဖြစ်ထွန်းနေလေပြီ။ အမှန်ပင် ထူးခြားအံ့သြဖွယ်သော ကျမ်းတစ်ဆူပေတည်း။

သို့နှင့်ပင် ခေတ်လူသားတို့သည် အသိဉာဏ်ကြွယ်ဝ တိုးတက်လျှက် ရှိလင့်ကစား ကျမ်းစာကို လုံးဝလှစ်လျူရှုထားကြသည်တကား၊ ကျွန်ုပ်တို့သည် နှစ်ရှည်လများ တက္ကသိုလ်ပညာကို ဆည်းပူးခဲ့ကြပြီးနောက်၊ ရာနှင့်ချီသော ဖတ်စာအုပ်အစုံစုံ၊ ဘာသာရေး၊ ဒသနအတွေးအခေါ် စသောစာအုပ်များကို ဖတ်ရှုလေ့လာခဲ့ ကြပြီးဖြစ်သည်။ သို့သော်လည်း ကမ္ဘာပေါ်တွင် အထူးမြတ်ဆုံးသော စာအုပ်တစ်အုပ်ဖြစ်သည့် သမ္မာကျမ်းစာကိုမူ လှစ်၍ပင် မကြည့်ဖူးသူ လူအများရှိနေသေးပါသည်။ ကျမ်းစာ၌ လောကီ လူမှုရေး၊ အိမ်ထောင်ရေး၊ (အချစ်ရေး) အမှုန်းတရား (စစ်ရေး) အနုပညာကဗျာလင်္ကာ အဖုံဖုံ ပါဝင်သည့် အပြင် သမိုင်းအကြောင်းအရာ အချက်အလက်များ အနာဂတ်ရေးနှင့် ဆိုင်သော ဗျာဒိတ်ကျမ်းများ၊ နက်နဲခက်ခဲသော အကြောင်းခြင်းအရာများ လောကဓာတ်(သိပ္ပံ) ပညာရပ်များ၊ ကိန်းဂဏာန်းကို အခြေပြုသော ဗေဒင်ပညာ အစရှိသည်များ ပြည့်စုံစွာ ပါရှိသည်။

လွန်လေပြီးသော နှစ်ပရိစ္ဆေဒ ထောင်ပေါင်းများစွာက ဆိုဆုံးမခဲ့သော ပညာရှိတို့၏ ဩဝါဒ စကားများကို ဆင်ခြင်လေ့လာသောအခါ အအောင်မြင်ဆုံးနှင့် အရေးအပါဆုံး စာပေကျမ်းဂန်တစ်ဆူ ဖြစ်သည်ကို ဝန်ခံရပေမည်။ သို့နှင့်ပင် ထိုသမ္မာကျမ်းကို လျစ်လျူရှုထားကြသူများ ရှိနေသေးသည်မှာ အံ့စရာပင်။ လူတို့သည် ရှုပ်ထွေးပွေလီလှသော (သီဝရိ) အတွေးအခေါ် သဘောတရားများအား အချိန်ကုန်ခံကာ ဖတ်ရှုကြသော်လည်း အသက်တာဘဝနှင့် ဆိုင်သော နှုတ်ကပတ်တော်အား ပစ်ပယ်ထားကြလေသည်။

မိမိမကျွမ်းသော ခရီးလမ်းသို့ ထွက်ရန်ရှိပါက လမ်းမှန်ကို ဖော်ညွှန် ပြသသည့် (မြေပုံ) ကို မှီငြမ်း အသုံးပြုရန် လိုအပ်ပါသည်။ သင်သည် ယခုရှုည်လျားသော ဘဝလမ်းမှန်ကို အတိအကျ သိနှင့်သော အရှင်သခင်က သင်သွားလိုရာ ခရီးလမ်းဆုံးသို့ လမ်းမပျောက်၊ လမ်းမမှားဘဲ ရောက်ရှိစိမ့်ငှာ သူ့တပည့်တော်တို့အား ထိုခရီးနှင့်ဆိုင်သော အသေးစိတ်ပြမြေပုံကို ရေးဆွဲထားပေးခဲ့သည်။ သမ္မာကျမ်းစာကို မဖတ်ရှု မလေ့လာခြင်းသည် လူတစ်ယောက်ယောက်က “ကျွန်ုပ်သည် အလျင်စလို ခရီးနှင်နေရသဖြင့် မြေပုံကို မကြည့်အားပါ” ဟု ပြောသကဲ့သို့ ဖြစ်နေပေသည်။ သင်သည် မှန်သော လမ်းခရီးပေါ်တွင် ရှိနေမည်ဖြစ်ပြီး သွားလိုရာ ခရီးလမ်းဆုံးကိုလည်း ရောက်ရှိပေလိမ့်မည်။

ဤသို့ဖြင့် သမ္မာကျမ်းသည် အံ့ဖွယ်ရာ၊ သဘာဝလွန်သော ဘုရားသခင်၏ နှုတ်ကပတ်တော် စင်စစ်ဖြစ်ခြင်းကြောင့် အားထား ထိုက်ကြောင်း သက်သေသာဓက အပြည့်ဖြင့် တည်ရှိတော်မူပေသည်။ သင့်အနေနှင့် မြည်းစမ်းကြည့်ပါ။ လောက၌ အကြီးမြတ်ဆုံး၊ အခိုင်မြဲဆုံး ပညာနှင့် အပြည့်ဝဆုံးနှင့် သစ္စာတရားကို ဖော်ပြသော အားကိုအားထား ပြုအပ်သည့် ပညာ(ဗဟုသုတ) နှင့် ဆိုင်၍ မကုန်မခမ်းနိုင်သည့် ရတနာသိုက်ကြီး ဖြစ်သဖြင့် သင့်အဖို့ မပြတ်အစဉ် “အသစ်အဟောင်း” သော ကဏ္ဍကို ထုတ်ပေးသော အိမ်ရှင်နှင့် တူ၏ဟု (မ။ ၁၃း၅၂) ကျမ်းတစ်ပိုဒ်က ဆိုထားလေသည်။

ကျမ်းစာပါ နှုတ်ကပတ်တော်များကို လေ့လာသောအခါ ပြုစုသူ(မိန့်မြွက်သူ)ကိုလည်း သိကျွမ်းခွင့်ရသောကြောင့် အံ့ဖွယ်အကောင်းဆုံးဖြစ်ပေသည်။ ကျမ်းစာသည် လူသားတို့အတွက် ရေးသားပေးခဲ့သော မဟာမေတ္တာစာ တစ်စောင် ဖြစ်ပေသည်။ အသက်သွေးကြောဖြစ်သော နှုတ်ကပတ်တော်များ ပါရှိသောကြောင့် ကျမ်းစာသည် ကြီးမြတ်တော်မူသည်။ မိန့်မြွက်တော်မူသူသည် လူတို့အားအသက် ဝိညာဉ်၊ ချစ်ခြင်းမေတ္တာ၊ ဝမ်းမြောက်ခြင်းနှင့် သုခဘုံကို ထာဝရ ပိုင်ဆိုင်ခွင့်ကို ပေးအပ်တော်မူသည်။ ကျမ်းစာတော်မြတ်ကို ဖတ်ရှုပြီးသောအခါ ကျွန်ုပ်တို့ လောကီသားတို့အား ချစ်သနားတော်မူသောကြောင့် အသက်တော်ကိုပင် စွန့်လွှတ်တော်မူခဲ့သော သမိုင်း၏ အဓိက ဇာတ်ဆောင်ဖြစ်သည့် ဘုရားသခင်၏ သားတော်ယေရှု ခရစ်တော် ယုံကြည်မှုသာလျှင် ထိုဆုလာဘ်တော်ကို ပိုင်ဆိုင်ရပေလိမ့်မည်။

ထို့ကြောင့် ကျမ်းစာကို ယူ၍ ရိုးသားစွာ ပတ္ထနာ ပြုပါ-“ တရားတော်၌ အံ့ဖွယ်သော အရာတို့ကို မြင်နိုင်ပါမည်အကြောင်း အကျွန်ုပ်၏ မျက်စိကို ဖွင့်ပေးတော်မူပါ” (ဆာ။ ၁၁၉ း ၁၈) သို့ သော် ပတ္ထနာမှုအစပြုရာတွင် ကမ္ဘာဦးက ဘိုးစဉ် ဘောင်ဆက်များ၊ ယုဒသမိုင်းကြောင်းနှင့် ဓမ္မဟောင်းမှ အတိတ်ကြောင်း၌ နစ်မြုပ်နေရန် မလိုပါ။ ဓမ္မသစ်မှ စတင်ပါ။ ခရစ်ဝင်ကျမ်းပါ ယေရှု၏ အံ့ဖွယ်သော သွန်သင်မှုများကို “ရှေးသရောအခါက” ပုံပြင်များ ဖတ်သကဲ့သို့ မဟုတ်ဘဲ ယနေ့ ပင် သင့်အတွက် ချပေးနေသော အရှင်ဘုရား၏ ဩဝါဒနှုတ်ကပတ်အဖြစ် ခံယူရပါမည်။ နှုတ်ကပတ်တော်သည် မည်မျှအားရဖွယ်၊ တည်ဆောက်ဖွယ်၊ တက်ကြွရှင်သန်ဖွယ်သော ဝိညာဉ်အစါအာဟာရဖြစ်ကြောင်း တွေ့ရပေလိမ့်မည်။ ဘုရားသခင်၏ နက်နဲသော မေတ္တာနှင့် ကယ်တင်ရန် အကြံအစည်တော်ကို တင့်တယ်လှသည့် ရှင်ယောဟန်ခရစ်ဝင်ကျမ်းက စေ့စပ်စွာ ဖော်ပြထားသည်ကို တွေ့ရလိမ့်မည်။



ဝိညာဉ်ရေးတွင် အားရကျေနပ် ရွှင်လန်းဖွယ်ဖြစ်သော ဘုရားပေး

တရားရေစင်ကို သင်ကိုယ်တိုင် မြည်းစမ်းကြည့်ဖူးပြီလား ? မမြည်း စမ်းရသေးပါက ယနေ့ပင် စတင်ပါ။ ကျမ်းစာတော်မြွက်ကို ဖတ်ပြီ ဆိုသည်နှင့် ဘုရားရှင်ထံမှ လမ်းပြ ကူညီမှုကို ရယူပါ။ ကိုယ်တော်က အနက်အဓိပ္ပါယ်ကို ကွင်းကွင်းကွက်ကွက် မြင်စေရန် အထင်းသား ရှင်းပြတော်မူလိမ့်မည်။ နာခံဖို့နှင့် သင်ကဲ့သို့ တရားမွန်အား ဆာငတ် နေသူ အများသူငါအား ဝေငှနိုင်သော မေတ္တာတရားနှင့် ခွန်အားကို ခံယူပါ။

# လူအများနှင့် အောင်မြင်စွာဆက်ဆံခြင်း

## အပြုံး၏ စွမ်းအား !

ကာယကံ က ဝစီကံထက် ပိုမိုထိရောက်သည်။ ဟောပြောသွန်သင်မှုထက် အကျင့်သီလက ပို၍ ထက်မြက်သည်။ အပြုံးက "သင့်ကို သဘောကျပါသည်။ သင့်အားဖြင့် ကျွန်ုပ်တို့ ဝမ်းမြောက်ရွှင်လန်း ရပါသည်။ သင့်ကို တွေ့မြင်ရသည့်အတွက် နှစ်ထောင်းအားရပါသည်။ သင်ရှိနေ၍ အကျွန်ုပ် ချမ်းမြေ့ရပါ၏။ . . ." ဟု ထုတ်မပြောဘဲ ခံစားချက်ကို ထုတ်ဖေါ်နေသကဲ့သို့ ရှိပေသည်။

ခွေးသတ္တဝါများ ကိုကြည့်ပါ။ သခင်ကို တွေ့သောသခါ ဝမ်းသာလွန်း၍ သခင့်တစ်ကိုယ်လုံးကို ဖက်ရမ်းသည်။ သူ-တို့ ကို မြင်ရရုံဖြင့် ဟန်ဆောင်မှုကင်းကြောင်း သိနိုင်သည်။ အကယ်ပင် ဝမ်းမြောက်ဖွယ် မြင်ကွင်း ဖြစ်ပေသည်။ ကလေးသူငယ်တို့၏ အပြုံးသည်လည်း ပို၍ ထိရောက်မှု ရှိသည် မဟုတ်ပါလား၊ နယူးယောက်မြို့ ကုန်ပဒေသာတိုက်တစ်ခု၏ ဝန်ထမ်းရေးရာ စီမံခန့်ခွဲရသူ တစ်ဦးက အပြုံးပိုင်ရှင်သာဖြစ်လျှင် (၁၀)တန်းမအောင်လျှင် နေပါစေ အလုပ်ခန့်ဖို့ ဝန်မလေးကြောင်းနှင့်၊ ပါရဂူဘွဲ့၊ စီမံအုပ်ချုပ်မှု မဟာဘွဲ့ ရလင့်ကစား အောက်သိုးသိုး မျက်နှာရှင်များကို ရှောင်ရှားမည်ဟု ဆိုသည်။

အပြုံး၏ အရှိန်က ကြီးလှပါသည်။ ပြုံးနေသူအား မမြင်ရသည့်တိုင် (တယ်လီဖုံး) ပေါ်မှ ပြုံး၍ စကားပြောသံသည် အပြုံးသံပါကြောင်း တယ်လီဖုံး ကုမ္ပဏီက သတိပြု အကြံပေးခဲ့ဖူးသည်။ ပြုံးသောအသံ ဟူ၍ ရှိပေသည်။

ကမ္ဘာပေါ်တွင် အကြီးဆုံး ကြက်ပေါင်စေလုပ်ငန်း၏ (ညွှန်ကြားရေးမှူးများ ဘုတ်အဖွဲ့) ဥက္ကဋ္ဌက လူတို့သည် အလုပ်တစ်ခုကို ရွှင်ပျသော စိတ်နှင့် တစ်ခုကို ရွှင်ပျသောစိတ်နှင့် မဆောင်ရွက်လျှင် အောင်မြင်မှုမရှိတတ်ကြောင်း သူကတိပြုမိသည်ဟု ရှင်းပြသည်။ ၄င်းက အလုပ်ကို ကြိုးကြိုးစားစား လုပ်ခြင်းသည်သာ၊ ဘ၀အသက်တာ၏ လိုအင်ဆန္ဒများကို ဖွင့်ပေးနိုင်စွမ်းသည့် သော့ချက် ဆိုသည့် ရှေးရိုးစကားကို သူမယုံ- "အလုပ်ခွင်၌ ရယ်ရယ်မောမောဖြင့် အလုပ်လုပ်ခြင်းဖြင့် အောင်မြင်မှု ရရှိကြပြီး နောက်ပိုင်းတွင် အလုပ်ကို ပေါ့ပျက်ပျက် လုပ်လာသောကြောင့် ပျော်ရွှင်ရမည့်အစား ထိုင်းမှိုင်းလာကာ နောက်ဆုံး ပျက်စီးသွားကြသည့် လူအများတွေ့ဖူးသည်" ဟု ပြောပြသည်။



လူတွေနှင့် တွေ့ဆုံရသောအခါ ရွှင်ရွှင်ပျပျ ရှိပါက ၄င်းတို့ကလည်း သင်နှင့်တွေ့ဆုံရသည်ကို ပျော်ရွှင်ဖွယ် ဖြစ်လိမ့်မည်။ ပြုံးပါ။ အပြုံးအားနည်း သူသည် ပြုံးရွှင်မှု အများဆုံးလိုအပ် နေသူများ သာဖြစ်ပေ၏။

❖ ❖ ❖

နှစ်ပရိဒေ၀ ကြာမြင့်စွာကပင် အတွေးအခေါ် ပညာရှင်တို့သည် လူမှုဆက်ဆံရေးဆိုင်ရား နိယာမ (ဥပဒေသ) များကို ဖော်ထုတ်ရန် ကြိုးပမ်းခဲ့ကြရာ များစွာသော နိယာမများအနက် အရေးအကြီးဆုံးအချက်ကို တွေ့ရှိခဲ့ကြသည်။ အနှစ် နှစ်ထောင်ခန့်က ယေရှုရှင်သည် ယုဒပြည်ရှိ တောင်ကုန်းကလေးပေါ်တွင် ထိုဥပဒေသများအား ချုံ့၍ အောက်ပါအတိုင်း သွန်သင်ပြသ နိုင်ခဲ့လေသည်။ " ကိုယ်၌ သူတစ်ပါး ပြုစေလိုသမျှ အတိုင်း သူတစ်ပါး၌ ပြုကြလော့ . . "(မ။ ၇း၁၂) ထို့ကြောင့် ကျွန်ုပ်တို့လိုအင်ဆန္ဒ ရှိသည့်အတိုင်း အခြားသူအားလည်း ထိုအရာကို ပေးကြပါစို့၊